

# ရိုးသိကြား စွမ်းစွမ်းတမံ

# WINDMILLS OF THE GODS

SIDNEY SHELDON

# ဆစ်ဒနီရှယ်(လ်)ဒွန်
## (Sidney Sheldon)

အမေရိကန်စာရေးဆရာကြီး ဆစ်ဒနီရှယ်လ်ဒွန် (Sidney Sheldon) ၏ ပထမဆုံးဝတ္ထု The Naked Face ကို နယူးယောက်တိုင်းစ် သတင်းစာကြီးက တစ်နှစ်တာ၏ အကောင်းဆုံး ပွဲဦး ထွက် လျှို့ဝှက်သည်းဖိုဝတ္ထုဟု ချီးမွမ်းခဲ့ပြီး အမေရိကန် လျှို့ဝှက်သည်းဖို စာပေလောက၏ တန်ဖိုး အရှိဆုံး ထူးချွန်ဆု 'အက်ဂါဆု' ပါချီးမြှင့်ခံခဲ့ရသည် ။ ထိုနောက်ပိုင်း ၎င်းရေးသားသည့် ဝတ္ထုအား လုံးလိုလိုပင် နိုင်ငံတကာ အရောင်းရဆုံး စာအုပ်များ တွင် နံပါတ်(၁) ချိတ်ခဲ့သည် ။ သူ့ဝတ္ထုအတော် များများကို ရုပ်ရှင်ကားကြီး သို့မဟုတ် ရုပ်သံဇာတ်လမ်းအဖြစ် ရိုက်ကူးခဲ့ဖူးသည် ။ (ရှယ်လ်ဒွန်၏ Bloodline ဝတ္ထုကို ရိုက်ကူးသည့် ရုပ်ရှင်ကား မြန်မာနိုင်ငံ၌ ရုံတင်ပြသခဲ့ဖူးသည် ။) ကမ္ဘာတစ်ဝန်း ၌ သူ၏ စာအုပ်ပေါင်းအုပ်ရေ (၂၇၅)သန်းကျော် ပုံနှိပ်ဖြန့်ချိ ထားသည် ဟု သိရသည် ။

ဆစ်ဒနီရှယ်လ်ဒွန်သည် ဝတ္ထုရေးဆရာ မဖြစ်မီက ပြဇာတ်နှင့် ရုပ်ရှင်ဇာတ်ညွှန်းရေးသား ခဲ့ရာ ဘရော့ဒ်ဝေးပြဇာတ် Redhead အတွက် ထူးချွန်ဆု (တိုနီ ရွှေစင်ဆု) နှင့် The Bachelor and the Bobby- Soxer ရုပ်ရှင်ကားအတွက် အကောင်းဆုံး ဇာတ်ညွှန်းဆု (အော်စကာဆု) ရရှိခဲ့သည် ။ Easter Parade နှင့် Annie, Get Your Gun

အပါအဝင် ရုပ်ရှင်ကား ၂၃ ကားအတွက် ဇာတ်ညွှန်း များ ရေးသားခဲ့ရုံမျှမက အောင်မြင်သော ဘရော့ဒ်ဝေး ပြဇာတ်ခြောက်ပုဒ်ကိုလည်း ရေးသားခဲ့သည် ။

ကာလရှည်ကြာစွာ ထုတ်လွှင့်ပြသရသော ရုပ်သံစီးရီး သုံးခုကိုလည်း ဖန်တီးတင်ဆက်ခဲ့ သေးသည် ။ (၎င်းဖန်တီးထုတ်လုပ်သော ရုပ်သံစီးရီးနှစ်ခု ဖြစ်သည့် Hart to Hart နှင့် I Dream of Jeannie တို့ ကို မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသခဲ့ဖူးသည် ။) ဆုများ ရရှိသည့် ပြဇာတ်၊ ရုပ်ရှင်၊ ဝတ္ထုနှင့် ရုပ်သံဇာတ်လမ်းများ ဖြင့် ပရိသတ် သန်းပေါင်းများ စွာအား ပျော်ရွှင်ကြည်နူးမှု ပေးခဲ့သော ဆစ်ဒနီရှယ်လ်ဒွန် သည် လူကြိုက်အများ ဆုံး ဝတ္ထုရေးဆရာ တစ်ဦးအဖြစ် သရဖူဆောင်းထားဆဲ ဖြစ်သည် ။

၎င်း၏ ရှေးဦးပိုင်းဝတ္ထုအတော်များများကို (ဆရာ)မောင်ပေါ်ထွန်း၊ (ဆရာ) မောင်မြင့်ကြွယ် စသည့် စာရေးဆရာကြီး အချို့က ဘာသာပြန်ဆို ထုတ်ဝေခဲ့ပြီး ဖြစ်သဖြင့် ဘာသာပြန် စာဖတ် ပရိသတ်များ နှင့် ဆစ်ဒနီ ရှယ်လ်ဒွန်တို့ ရင်းနှီးပြီးသားဟု ဆိုရပါမည်။ ရှယ်လ်ဒွန်၏ နောက်ပိုင်း ဝတ္ထုများ အနက် The Sands of Time ကို 'အလှည့်အပြောင်း'၊ The Stars shine Down ကို 'သံမဏိလိပ်ပြာ' နှင့် Morning, Noon & Night ကို'သံသယသားကောင်' ဟူသော အမည်များ ဖြင့် စာရေးသူက လုံးချင်းဝတ္ထု စာအုပ်များ အဖြစ် ဘာသာပြန်ဆိုခဲ့ဖူးပါသည် ။

**ဘာသာပြန်သူ**

*****

## စာရေးဆရာ ဆစ်ဒနီရှယ်လ်ဒန်

ပထမဆုံးဝတ္ထု The Naked Face ဖြင့် အောင်မြင်မှု မရခဲ့သော်လည်း နယူးယောက် တိုင်းမ်် သတင်းစာကြီးက 'တစ်နှစ်အတွက် အကောင်းဆုံး လျှို့ဝှက်သည်းဖိုဝတ္ထု' အဖြစ် ချီးကျူးခဲ့သည် ။ ဒုတိယမြောက်ဝတ္ထု The Other Side of Midnight ကျမှ သာ အရောင်းရဆုံး စာရင်းဝင် (ဘက်ဆဲလား) စာရေးဆရာ ဖြစ်လာသည် ။

ဆစ်ဒ်နီရှယ်လ်ဒန်၏ ဝတ္ထုများကို ရုပ်ရှင်နှင့် ရုပ်မြင်သံကြား ရုပ်ရှင်များ အဖြစ် ရိုက်ကူးခဲ့ သည် ။ သူ၏ ဝတ္ထုအုပ်ရေ ၇၅ သန်း ကမ္ဘာတစ်ဝန်း ရောင်းချရသည် ။ Broadway Redhead ပြဇာတ်အတွက် ဘရော့ဝေးပြဇာတ် ထူးချွန်ဆု 'တိုနီ' ကို ဆွတ်ခူးပြီး Bachelor and Bobby Soxer ရုပ်ရှင်ဇာတ်ညွှန်းအတွက် အော်စကာဆု ရခဲ့သည် ။

ရုပ်ရှင်ဇာတ်ညွှန်း ၂၃ ပုဒ် ရေးခဲ့ရာ Easter Parade နှင့် Annie, Get Your Gun ဇာတ်ကားများမှာ ထင်ရှားသည် ။ လူကြိုက်များ သော ဘရော့ဒ်ဝေး ပြဇာတ်ခြောက်ပုဒ်နှင့် Hart to Hart စီးရီး သူကိုယ်တိုင် ရေးသား ရိုက်ကူးထားသော I Dream of Jeannie စီးရီးများ အပါအဝင် နာမည်ကြီး ရုပ်သံစီးရီး ၄ ခု၊ ဖန်တီးခဲ့သည် ။

ဆစ်ဒ်နီရှယ်လ်ဒန်၏ ဝတ္ထုများ အနက် Naked Face, Blood Line, The Other Side of Midnight တို့ ကို ရုပ်ရှင်ရိုက်ကူးပြီး Master of the

Game, Rage of Angels နှင့် If Tomorrow Comes တို့ ကို မီနီစီးရီးခေါ် သီးသန့်ရုပ်သံ ရုပ်ရှင်ကားကြီးများ အဖြစ် ရိုက်ကူးတင်ဆက်ခဲ့သည် ။

Windmills of the Gods သည် ၁၉၈၇ ခုနှစ်တွင် ထုတ်ဝေခဲ့သော သူ၏ ဝတ္ထုအသစ် ဖြစ်သည် ။

*****